
VIEW
ပျူးစာပေ
ပျူး
ရင်ဒေါ်ပုံပြင်
Digital Art : Idea Kyaw
&
Mg Kyaw Oo

# အခန်း (၁)

"ညား"

"ဗျာ"

"ညက ဖုန်းလာတဲ့ ကောင်မလေးက ဘယ်သူလဲ"

မာမီ လေသံမှာ အလိုမကျမှုတွေ ပါဝင်နေမှန်း ညား သိနေသည် ။ မေးနေသော အမေးစကား ကို ချက်ချင်းပြန်မပြောဘဲ တုံ့ဆိုင်းဆိုင်း လုပ်နေတာကို မာမီ မျက်မှောင်ကုတ်ကြည့်ရင်း

"ညား မင်းကို မာမီ မေးနေတယ်နော်"

"ကျွတ် မာမီကလည်း ဗျာ ဘာများ လဲလို့ "

ခန့်ညား စိတ်ညစ်ညူးသလို ခေါင်းပေါ်က ဆံနွယ်တွေကို တစ်ချက် သပ်တင်လိုက်ရင်း ပြော သည် ။

"ညားနော် မာမီ မကြိုက်တာတွေ လုပ်ဖို့ မကြိုးစားနဲ့ ကောင်မလေး တွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် လုပ်တာ မာမီ လုံးဝမကြိုက်ဘူး"

"ဟာ မာမီကလည်း ကျွန်တော် ဘာလုပ်နေလို့ လဲ"

"မင်း ဘာလုပ်နေလဲဆိုတာ မင်း အသိဆုံးနေမှာ ပေါ့"

"ကွိုင်ပဲ မာမီ ပြောလိုက်ရင် တလွဲချည်းပဲ"

"ကြည့်စမ်း အမေကို ဒီလိုပဲ ပြောရသလား ခန့်ညား"

"ဆောရီး မာမီ၊ မာမီထင်နေတာတွေ အားလုံးမှားယွင်းတယ်လို့ ပြောတာပါ၊ သား ဘာမှ မလုပ်ဘူး"

"ဒါဆို တစ်နေ့ တစ်နေ့ မင်းဆီကို ဖုန်းတတီတီ ဆက်နေတဲ့ မိန်းက လေးတွေက ဘာတွေ လဲ"

"လုံးဝအဖြူထည် သူငယ်ချင်းတွေ၊ မာမီ ဒါကိုမှ မယုံရင် သူတို့ ဖုန်း ဆက်လာရင် မာမီကိုယ် တိုင် မေးကြည့်"

"ခန့်ညား"

မာမီ စိတ်တိုရင် ဒီလိုပဲခေါ်တတ်သည် ။ ခန့်ညားကတော့ ပခုံးလေး တွန့်ပြီးလိုက်ရင်း

"တာ့တာ မာမီ"

"ဟဲ့ ဒါက ဘယ်လဲ"

"ကျောင်းသွားတော့မယ်လေ မာမီရဲ့ "

"မနက်စာ စားမသွားဘူးလား"

"နိုး"

နောက်ကိုလှည့်မကြည့်ဘဲ သိနေသည် ။ မာမီ မကျေမနပ်ဖြစ်ပြီး ကျ န်ရစ်ခဲ့မယ်ဆိုတာ။

မာမီနဲ့ က တကယ့် ပြဿနာ။ ကောင်မလေးတွေ ဖုန်းဆက်လာတိုင်း ညားကိုပဲ ပြဿနာ လုပ်တတ်သည် ။ သံသယ မေးခွ န်းတွေနဲ့ မဆုံးတမ်း စစ်မေးတတ်၏။

ညားရဲ့ ပုံစံ၊ ညားရဲ့ ဒီဇင်းကို ခိုက်ကြ၊ ကြိုက်ကြတဲ့ ကောင်မလေး

တွေ အများကြီးရှိတာကို လည်း မာမီ သိရက်နဲ့ ။

ခင်မင်လို့ မိတ်ဖွဲ့လာသူတွေကို ညား ဘက်က ပြန်အသိအမှတ်ပြု ပေးရမှာ ပေါ့။ ဒါ မှားနေ သလား။

"မာမီ သားလေးက ချောတော့ ကျောင်းမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာ မာမီ သိတာပေါ့"

မာမီ ကိုယ်တိုင် နှုတ်က ကျေနပ်စွာ ဆိုခဲ့ဖူးသည် ။ မွေးထားတာ သားလေးတစ်ယောက် တည်းမို့ မာမီက လိုလေသေးမရှိ ထားခဲ့သည် ။

ရုပ်ရည်ကော စတိုင်ကော ခန့်ညားက မြင်သူလည်ပြန်ငေးလောက် အောင် ရှင်းသန့်ချောမော သည် ။

စတိတ်ကျောင်းမှာ ကတည်းက နာမည်ကျော်သော ခန့်ညား။ တက္က သိုလ်ရောက်တော့လည်း မိန်းကလေးတွေ ဝိုင်းဝိုင်းလည်အောင် ရေပန်း စားသည် ။

ကျောင်းကို ကိုယ်ပိုင် လန်ခရူဇာ (Land Cruiser) ကားနှင့် ဟမ်းဖုန်း နှင့်ပြည့်စုံစွာ ကျောင်း တက်နိုင်သော ညားသည် ပေါ်ပြူလာ ရွှေမင်း သားလေးတစ်ပါးလို ဖြစ်သည် ။

သူငယ်ချင်း အရင်းအချာတွေလို ခင်မင်ကြပြီဆိုတော့လည်း ဆက် သွယ်နိုင်ဖို့ ဖုန်းနံပါတ် တောင်းတော့ ညား ပေးမိသည် ။

အိမ်ပြန်ရောက်တာနဲ့ ဖုန်းကဝင်လာသည် ။

"ညား တို့ ပါ"

"တို့ အဲ တို့ ဆိုတာ ဘယ်သူလဲ"

"ဟာ ညားကလည်း အသံလေးတောင် မမှတ်မိဘူးလား၊ တို့ သူဇာ

လေ"

"ဩော် သူဇာ ဆောရီး၊ အခု ကိုယ်က ကားပေါ်မှာ ဆိုတော့ ဘေးက ကားစက်သံတွေနဲ့ မို့ မမှတ်မိဘူး၊ ကဲ ဆို ဘာကိတ်"

"အဟင်း ဘာကိတ်မှ မဟုတ်ပါဘူး၊ ညား အိမ်ပြန်ရောက်ပြီလား သိချင်လို့ "

"နောက် ငါးမိနစ်ဆို ရောက်ပါပြီ"

"ညား ဘယ်မှ သဝေထိုးမနေနဲ့ နော်၊ အိမ်ပဲတန်းပြန်နော်၊ မနက်ကျမှ ကင်တင်း(န်)မှာ ဆုံ ကြမယ် ဘိုင်"

ဘာမှ အရေးကြီးသော ကိစ္စတစ်ခုပါတာလည်း မဟုတ်ပါဘဲ သူ့ဆီ ဖုန်းဆက်ကြတာလည်း ရှိသည် ။

အိမ်ရောက်လို့ အဝတ်အစားလဲနေတုန်းမှာ လည်း ဖုန်းက နှစ်ကြိမ်လောက်ဝင်လာတတ် သည် ။ ရေချိုးခန်းဝင်နေတုန်း တတီတီမြည်နေသော ဖုန်းကို မာမီ မနေနိုင်တော့ဘဲ ဝင်ကောက်ကိုင် တော့ ပြဿနာပေါ်တော့သည် ။

"သား မင်းရေချိုးခန်းဝင်နေတုန်း ဖုန်းလာတယ်"

"ဟုတ်လား ဘယ်သူ့ဆီကလဲ မာမီ"

"သျှားသက်လယ် တဲ့ ၊ နောက်တစ်ယောက်က နဒီမြင့်မြတ်တဲ့ ၊ အသံတွေနားထောင်ရုံနဲ့ ရုပ်ပြောပြောလေးတွေဆိုတာ မာမီ သိတယ်၊ မင်းနဲ့ ဘယ်လိုပတ်သက်နေလို့ လဲ"

သံသယတွေနှင့်မာမီရဲ့ မေးခွန်းတွေကို ညား စိတ်ညစ်စရာကောင်းလောက်အောင် ရင်ဆိုင် ရတော့သည် ။

ကော်ဖီဝိုင်းမှာ လည်း မာမီရဲ့ သံသယမေးခွန်းတွေ။ ထမင်းဝိုင်းမှာ လည်း ဟိုလှည့်မေး သည် လှည့်မေးနှင့်မဆုံးနိုင်တော့။

သည် တော့လည်း မာမီအနားမှာ ညား ကြာကြာမနေတော့ပါ။ ရေ အိမ်တက်ချင်လို့ စာကျက် မလို့ ၊ အိပ်ချင်ပြီ အကြောင်းအမျိုးမျိုးပြကာ ပြေးစမြဲ။

မာမီကလည်း ဒါကို မကြည်။ ညား တမင်ရှောင်တိမ်းပြေးတာတဲ့ ။

နေ့စဉ်လိုလို မာမီနဲ့ ညားကြားက ပြဿနာဖြစ်စဉ်လေးက သိပ်မကြီးမားပေမယ့် ညား ကတော့ နားပူစိတ်ရှုပ်လွန်းလို့ ရှောင်ပြေး တတ်စမြဲလေ။

ဒီအမေနဲ့ ဒီသား ခက်တော့ အခက်သား။

***

# အခန်း (၂)

လူခေါ်ဘဲလ်တီးသံကြောင့် ဟန်ပန် အိမ်ရှေ့သို့ အမြန်ထွက် လာပြီး တံခါးဖွင့်ပေးလိုက်တော့

"ဟယ် ညား"

ခန့်ညားကို တွေ့လိုက်ရ၍ ဟန်ပန်မှုယာ အံ့သြသွားခဲ့သည် ။ ညားက တည်ငြိမ်စွာ ပြုံးပြရင်း မေးလိုက်သည် ။

"အန်တီရော"

"မေမေ ဈေးသွားတယ် ညားရဲ့ "

"စားစရာ ဘာရှိလဲ ဟန်ပန် ဗိုက်ဆာလို့ တစ်ခုခု ကျွေးစမ်းပါ"

"ထမင်းကြော်ရှိတယ် စားမလား"

"ဟာ ထမင်းကြော် မစားချင်ပါဘူး တခြား တစ်ခုခု လုပ်ပေးလို့ ရမလား"

"ခေါက်ဆွဲထုပ် ပြုတ်ပေးရမှာ လား ညား"

"အေး ကောင်းတယ် တစ်ခါတည်း နှစ်ထုပ်ပြုတ်လိုက်ဟာ၊ အရင်ဆုံး ကော်ဖီလေးတစ် ခွက်လောက် ဖျော်တိုက်ပါဦး"

ညားက ရုတ်တရက် ရောက်ရှိ လာပြီး အလောတကြီး။ မသိလျှင် သူ့

အိမ်သူ့ယာလို၊ ဟန်ပန် ဘယ်ကစလုပ်ရမှန်းမသိတော့ ကော်ဖီကို ကပျာကယာ အမြန်ပြေးဖျော်ရသည် ။ ကော်ဖီခွက်ကို စားပွဲပေါ်တင်ပေးလိုက်တော့ ညားက မေးသည် ။

"ဒါက ဘာကော်ဖီလဲ"

"ပရီမီယာလေ ဘာလဲ နင်မကြိုက်လို့ လား"

"ကြိုက်ပါတယ်"

ကော်ဖီခွက်ကို ယူပြီးတစ်ငုံသောက်သည် ။ ပြီးတော့ ပြန်ချသည် ။ တစ်ရှူးတစ်ရွက်ကို ယူပြီး နှုတ်ခမ်းကိုတို့ သုတ်သည် ။ ညားပြုလုပ်သမျှကို ဟန်ပန်က တမေ့တမော ငေးကြည့်နေမိသည် ။

"ညား အိမ်ကလာတာ မဟုတ်ဘူး မဟုတ်လား"

"အိမ်က မလာလို့ ဘယ်ကလာရမှာ လဲ"

ညားက ဟန်ပန် မေးသည် ကို အလိုမကျဟန်ဖြင့် ပြန်ဖြေသည် ။ ပြီးတော့ ဘာမှ ဆက်မပြော ဘဲ ကော်ဖီကို တစိမ့်စိမ့်သောက်နေ၏။ ဟန်ပန်က ညား ပြုလုပ်သမျှကို ငေးရင်း ဆက်မေးလိုက်ပြန် သည် ။

"ညား ပုံစံကြည့်ရတာ တော်တော်လေး ဗိုက်ဆာနေပုံရတယ်"

"ဟုတ်တယ် မာမီ အမိန့်တွေပေးနေလို့ လေ၊ ဆက်နားထောင်နေရင် ဆုံးတော့မှာ မဟုတ်ဘူး ၊ အဲဒါကြောင့် ဘာမှ မစားတော့ဘဲ လစ်ထွက်လာခဲ့တာ"

ညား အလိုကျ ခေါက်ဆွဲကို ပြင်ဆင်နေရင်း ဟန်ပန် တွေးနေမိသည် ။ အစစ အရာရာမှာ ပြည့်စုံနေတဲ့ ညားအတွက်တောင် လိုအပ်ချက်ဆိုတာ ရှိတာပဲလား။ ညားတို့ အိမ်က နံနက်စာ စားပွဲ ဝိုင်းကြီးကို ဟန်ပန်

မြင်ယောင်မိသည် ။ ဘာမှ သိပ်ပြီး မပြည့်စုံတဲ့ ဟန်ပန်အိမ်ကို တစ်ခါတလေ ညားး ရောက်လာတတ်သည် ။

ညားး ရောက်လာတိုင်း ကလေးငယ်တစ်ယောက်လို ဟိုဒီလျှောက်မေးရင်း မရှိရှိတာကို ရှာဖွေ စားသောက်သွားတတ်သည် ။ ဒါက ညားးရဲ့ လုပ်ရိုးလုပ်စဉ် တစ်ခုလေ။ ကလေးတစ်ယောက် ဂျီ တိုက်သလို ညားး အသံကြောင့် ဟန်ပန် သတိပြန်ဝင်လာရသည် ။

"ဟာ ကြာလိုက်တာ၊ မပြီးသေးဘူးလား၊ ဗိုက်အရမ်းဆာနေပြီ ဟ"

" လာပြီ လာပြီ လာပါပြီ ညားးရယ်၊ တကတည်းမှ ပဲ"

ခေါက်ဆွဲပြုတ်ပန်းကန်က စားချင်စဖွယ် အငွေ့တထောင်းထောင်း။ ပန်းကန်ထဲမှာ ဇွန်းကို တပ်သည် ။ မဖောက်ရသေးသော ဝါးတူကို ပန်းကန်နှုတ်ခမ်းပေါ်တင်လိုက်တော့ သွားရည်ယိုချင် စရာ။

"အား မွှေးနေတာပဲ၊ နင်ရော စားပြီးသွားပြီလား"

"စားပြီးပါပြီ စားလေ ညားး"

ဟန်ပန် ပြုတ်ပေးတဲ့ ခေါက်ဆွဲပြုတ်ကို ညားးက အငမ်းမရစားသောက်နေတာကို ကြည့်မိတာ ပီတိဖြစ်ရသည် ။ တကယ့် ကလေးတစ်ယောက်လိုပါလား ညားးရယ်။

"ဟန်ပန် ကျောင်းသွားဖို့ ပြင်ဆင်တော့လေ"

ခေါက်ဆွဲပြုတ်ကို လက်စသတ်စားရင်း ပြောလိုက်သော ညားးအသံကြောင့် သတိပြန်ဝင်လာ ရသည် ။

"ဟင် ဟန်ပန်က ညားးနဲ့ အတူတူ ကျောင်းသွားမလို့ ဟုတ်လား ညားး
"

"အင်း"

ညားရဲ့ အတည်ပြုလိုက်တဲ့ အသံကြောင့် ဟန်ပန်ပျော်သွားမိသည် ။

"ညား အိတုံကိုလည်း ဝင်ခေါ်မယ်နော်"

ညားက ဟန်ပန်ကို မေးခွန်းပြန်ထုတ်သည် ။

"နင်နဲ့ အိတုံ ကျောင်းကို နေ့တိုင်း ဘာနဲ့ သွားကြတာလဲ"

"ဘတ်(စ်)ကားနဲ့ ပေ့ါ"

"နောက်နေ့ကစပြီး င့ါကားနဲ့ လိုက်ခဲ့ကြ"

"ဟယ် နင်တကယ်ပြောတာလား"

"တကယ်ပေ့ါ ဟ"

အတိုင်းမသိ ဝမ်းသာကြည်နူးမိသည် က ဟန်ပန်မူယာ ရယ်ပါ။ ခန့်ညားနဲ့ ဟန်ပန်မူယာဆို တာ ငယ်ငယ်တည်းက သူငယ်ချင်းတွေပါ။ ခန့်ညား ဟန်ပန်မူယာနှင့် အိတုံတို့ မူလတန်းကတည်း က ကစားဖော် ကစားဖက်တွေလေ။ လူပျိုပေါက် အပျိုပေါက်တွေ ဖြစ်လာကြတော့ မိန်းကလေးဖြစ် တဲ့ ဟန်ပန်နဲ့ အိတုံသာ အတွဲများ ခဲ့ပြီး ခန့်ညားနှင့်တော့ အလှမ်းအနည်းငယ် ဝေးသွားသယောင် ဖြစ်ခဲ့ကြတာပါ။ အပေါင်းအသင်းများ သော ညားက အလာကျဲသွားတာလည်း ပါခဲ့သည် ။

ညား အပေါ်ထားခဲ့တဲ့ ဟန်ပန် သံယောဇဉ်က ပြောင်းလဲချတ်ယွင်းမှု မရှိဆိုတာကို ဟန်ပန် ကျိန်ဆိုဝံ့ပါသည် ။ ညား ဘက်ကလည်း ပြောင်းလဲမှုရှိမည်မဟုတ်ဟု ယုံကြည်နေမိသည် ။

အိတုံ အိမ်ရှေ့ရောက်တော့ ညားက ကားကိုထိုးရပ်လိုက်သည် ။ ကျောင်းသွားဖို့ ထွက်လာ တဲ့ အိတုံက ညားကို မြင်တော့ မယုံကြည်နိုင်

သလို

"တက်လေ အိတုံ၊ ဘာလုပ်နေတာလဲ"

"ဒီနေ့တော့ ထူးခြားဖြစ်စဉ် တစ်ခုအနေနဲ့ မှတ်တမ်းတင်ထားရမယ် ဟန်ပန်ရေ"

အိတုံ ကားပေါ်တက်ရင်း နောက်ပြောင်လိုက်တော့ ညား ပြုံးနေမိသည် ။ အိတုံကို ထပ်မံ အံ့သြစေလိုသော စိတ်ဖြင့် ဟန်ပန်က ပြောလိုက်ပြန်သည် ။

"အိတုံ ညားကပြောတယ်၊ ဒီနေ့ကစပြီး ဟန်ပန်နဲ့ အိတုံတို့ ကျောင်းသွား ကျောင်းပြန် သူ့ကားနဲ့ ခေါ်မယ်တဲ့ "

"ဟုတ်လား၊ မယုံနိုင်စရာဘဲ"

မထူးဆန်းတဲ့ အကြောင်းအရာတစ်ခုလို အိတုံ ပေ့ါပျက်ပျက်ပြောလိုက်သည် ။ ညားကတော့ ပြုံးနေသည် ။ ကြားထဲက ဟန်ပန် အားနာသွားမိသည် ။

"နင်ကလည်း ဟာ ငါ့မှာ ဒီလိုစိတ်ထားမျိုးမရှိပါဘူး။ အရင်က မတွေးခဲ့မိဘူးဆိုတာ ငါဝန်ခံ ပါတယ်၊ ဒီနေ့ ဗိုက်ဆာတာနဲ့ ဟန်ပန်အိမ်ဝင်ရင်း ငါတွေးမိသွားတာ အရင်က ငါမတွေးခဲ့မိတာ ခွင့် လွှတ်ပါဟာ"

"ဗိုက်ဆာတိုင်း လမ်းကြုံဝင်စားတတ်တဲ့ အကျင့်ကတော့ မပျောက်သေးဘူးနော် ဟန်ပန်"

အိတုံက ဟန်ပန်ကို ကြည့်ပြီး ခနဲ့ စကားဆိုလိုက်သည် ။ အိတုံ စကားကို ဟန်ပန်ပြုံး၍ သာ နေလိုက်သည် ။ ကံကောင်းခြင်းတစ်ခု အမှတ်မထင် ဆိုက်ရောက်လာသလို ဟန်ပန် ခံစားမိသည် ။

ဆယ်တန်းကို အတူတူ အောင်မြင်ခဲ့ကြပြီး ရန်ကုန်တက္ကသိုလ်မှာ အတူတူ တက်ရောက်ခွင့် ရကြသည် ။ ဟန်ပန်နှင့်အိတုံက သတ္တဗေဒ၊ ညားက သင်္ချာအဓိက ဘာသာရပ်များကို တက်ရောက် ခွင့်ရကြသည် ။

ညားနှင့်ဘာသာရပ်ကွဲတော့ အခန်းချင်းမတူကြ။ ညားနှင့် မတွေ့ဆုံဖြစ်ကြတာ ထိုအကြောင်းကြောင့်ပင်။ ယခု ကျောင်းအတူတူ သွားခွင့်ရတော့မည်ဆိုတော့

"ညား"

အတွေးတွေကောင်းနေတုန်း အိတုံ အသံကြောင့် ဟန်ပန် သတိဝင်လာရသည် ။ ညားကို ဘာတွေပြောဦးမလဲ မသိ။

"ဘာလဲ ပြောလေ အိတုံ"

"နင့်သတင်းတွေကတော့ ကျောင်းထဲမှာ ပေါ်ပြူလာအဖြစ်ဆုံးပဲနော် "

"ဘာတွေပေါ်ပြူလာ ဖြစ်တာလဲ ပြောစမ်းပါဦး"

"နင် တကယ်မသိတာလား၊ မသိချင်ယောင်ဆောင်တာလား၊ ညား"

"ငါ တကယ်မသိခဲ့တာပါ"

"သင်္ချာမေဂျာရဲ့ အလှဘုရင်တစ်ပါးဆိုတာလေ၊ ကျောင်းမှာ ကောင်မလေးတွေ ဝိုင်းနေကြ တာ သက်သေပဲပေါ့"

"ဟား ဟား ဟား အဲဒီအကြောင်းတွေ ငါ စိတ်မဝင်စားပါဘူး"

ညားက ပေါ့ပါးစွာ ဟားတိုက်ရယ်မောပစ်လိုက်သည် ။ အိတုံ စကားမှန်သည် ဟု ဟန်ပန် တွေးမိသည် ။ စတိတ်ကျောင်းတုန်းက သူတို့ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြသည် ။ နောက်ပိုင်း ညားနဲ့ သွေးအေးသွားခဲ့တာ

က သက်သေပဲလေ။

"ညား သူငယ်ချင်းအသစ်တွေရပြီဆိုပြီး ဟန်ပန်နဲ့ အိတုံကိုတော့ နင်မေ့မပစ်လိုက်ပါနဲ့ ဟာ"

"အံမယ် ငါ့နာမည်ကို ထည့်မပြောပါနဲ့ ဟန်ပန်မူယာဆိုတဲ့ သူငယ်ချင်းကောင်မလေးကို မေ့မပစ်ပါနဲ့ လို့ ပြောလိုက်စမ်းပါ"

အိတုံ အရွှန်းဝင်ဖောက်သည် ။ ဟန်ပန်က အိတုံကို ရှက်မျက်စောင်းလေးထိုးလိုက်၏။ ညားကတော့ သဘောကျစွာဖြင့် ဆင်စွယ်ရောင် သွားတန်းတွေပေါ်အောင် ပြုံးရယ်လိုက်ရင်း

"မမေ့ပါဘူးဟာ ငါအနိုင်ကျင့်သမျှကို သည်းခံခွင့်လွှတ်တတ်တဲ့ သူငယ်ချင်းမလေးကို ဘယ်လိုမေ့ပစ်လို့ ရမှာ လဲ"

"သိတယ်ဟေ့ သိတယ် အနိုင်ကျင့်ဖို့ ဟန်ပန်ကို သူငယ်ချင်းတော်တယ်ဆိုတာ"

အိတုံက အမြင်ကတ်စွာ ဝင်ပြောလိုက်၏။ အဲဒီ အိတုံဟာလေ ဘယ်လိုများ ဖြစ်နေသည် မသိ။ ညားကို ဟန်ပန် အားနာရပြန်သည် ။ ညားကတော့ ဘာမှ မခံစားရသလိုပါပဲ။

"အဲဒီလို မဟုတ်ပါဘူးဟာ ငါက ဟန်ပန်ကို ခင်လို့ သာ ဟန်ပန်အကြောင်းသိလို့ သာ ဒီလို လုပ်တာပါ"

ညားက အမြင်မကြည်ဟန်ဖြစ်နေသော အိတုံကို ဖြေရှင်းပြရှာသည် ။ အိတုံးကလည်း တစ်ရွေးသားမျှမလျှော့ဘဲ စကားနာထိုးသည် ။

"ဘာမဟုတ်ရမှာ လဲ စတိတ်ကျောင်းတစ်လျှောက်လုံး နင့်ကို ဟန်ပန်ပဲ စာကူးပေးခဲ့တာ သူ့ ထမင်းချိုင့်ဆိုလည်း နင်ပဲ ယူစားပစ်တာလေ"

"အဲဒါကို နင်က အနိုင်ကျင့်တယ်ထင်လို့ လား၊ အခုလည်း ငါ လုပ်နေတာပဲလေ"

"ငါကတော့ အနိုင်ကျင့်တယ် ထင်တာပဲ"

"ခင်မင်ရင်းနှီးလွန်းလို့ လုပ်တဲ့ အပြုအမူတွေပါဟာ သက်သက်မဲ့လုပ်တာ မဟုတ်ပါဘူး၊ ဟုတ်တယ်နော် ဟန်ပန်"

"အင်း"

ဟန်ပန်ကို အိတုံ မျက်စောင်းထိုးပစ်လိုက်သည် ။ ညားရဲ့ ဖြေရှင်းချက်တွေကို ဟန်ပန် ဘယ်လိုခံစားသလဲ။ အိတုံကတော့ အကြောင်းသိ၍ ယုံကြည်မှုမရှိ။ ကားရဲ့ နောက်ကြည့်မှန်ထဲကို ဟန်ပန်လှမ်းကြည့်လိုက်မိသည် ။

မှန်ထဲက ညားရဲ့ အကြည့်နဲ့ ဆုံတော့ ရှောင်လွှဲလိုက်ရလေသည် ။ ညားရဲ့ အကြည့်တွေက အေးစက်စက်။

***

# အခန်း (၃)

"ဟန်ပန်"

"ဟင်"

"နင်တွေ့လိုက်လား"

"ဘာကိုတွေ့ရမှာ လဲ"

"ငါတို့ နှစ်ယောက် ညားရဲ့ ကားပေါ်ကဆင်းလာတုန်းက မကျေမန ပ်နဲ့ လှမ်းကြည့်နေတဲ့ တစ်ယောက်ကိုလေ"

"အင်း တွေ့လိုက်တယ် ခရေပင်အောက်ကနေ လှမ်းကြည့်နေတဲ့ တ စ်ယောက် မဟုတ်လား"

"ဟုတ်တယ် ငါက နင်မတွေ့လိုက်ဘူး ထင်နေတာ"

"အိတုံရယ် နင်ကငါ့ကို အထင်သေးလိုက်တာ၊ ငါသတိထားမိပါတ ယ်၊ ဟန်ပန်ဆိုတာ နင့်ရဲ့ သူငယ်ချင်းပါဟာ"

ဟန်ပန် စကားကို သဘောကျစွာ အိတုံ ရယ်မောလိုက်သည် ။ ဟန် ပန်လည်း အိတုံနှင့်ရော ၍ ရယ်ပစ်မိသည် ။ နှစ်ဦးသား ရယ်သံလေး တွေ စီစီညံသွားရ၏။

"အဲဒီတစ်ယောက်က ညားနဲ့ ဘာလိုလိုတဲ့ ဟ"

စကားသံတွေ အတော်ကြာ တိတ်ဆိတ်သွားသည် ။ ဟန်ပန်ကို ကြည့်လိုက်တော့ နှုတ်ဆိတ် နေဆဲ၊ အိတုံ ဟန်ပန်ကို စူးစိုက်ကြည့်လိုက်ပြီး

"ဟန်ပန် နင်မကြားချင်ယောင်ဆောင်နေတာလား"

"မဟုတ်ပါဘူး ဟာ"

"ဒါဆို ငါ့ကို ဘာလို့ တစ်ခုခုပြန်မပြောတာလဲ"

"ဘာပြန်ပြောရမှန်း မသိလို့ ပါဟာ"

"သူ့နာမည်က ရွှေသဲလွှာ တဲ့ ၊ ညားတို့ သင်္ချာမေဂျာကပဲလေ"

"ငါသိပါတယ် အိတုံရယ်"

ဟန်ပန် မျက်လုံးတွေက အရောင်မှေးမှိန်နေသည် ။ လေသံတွေကလည်း တုန်အက်နေသ ယောင် အိတုံက သံသယမကင်းသော မျက်ဝန်းတွေဖြင့် လှမ်းကြည့်လိုက်ရင်း

"ဟန်ပန် ညားအပေါ်ထားတဲ့ နင့်သဘောထားက ဘာလဲ၊ အခု နင် သဝန်တိုနေတာတော့ မဟုတ်ပါဘူးနော်"

"ဘာဆိုင်လို့ လဲ"

"အေး အဲဒီလို ဘာမှ မဆိုင်တာကိုက ခက်နေတာလေ၊ နင့်ခံစားချက်ကို ငါ နားလည်ပါတယ် ဟာ၊ နင် နားမထောင်ချင်ပေမယ့် ငါကတော့ ဆက်ပြောရဦးမှာ ပဲ"

အိတုံနဲ့ သူက နှစ်ကိုယ့်တစ်စိတ်ရယ်ပါ။ အိတုံက ဟန်ပန်ရဲ့ အပေါ်မှာ သံယောဇဉ်လည်း ကြီးမားပါသည် ။ စောဒက မတက်လိုတော့ပါ။ အိတုံ ပြောသမျှကို ဆက်နားထောင်နေလိုက်မိ တော့သည် ။

"ရွှေသဲလွှာ အနေအထားကိုကြည့်ရတာ ညားကို ကြွေနေပုံပဲဟ၊ ပြီးတော့ ပိုက်ဆံချမ်းသာ ပုံလည်း ရတယ်၊ ငါ ကြားတာတော့ ညားကလည်း ရွှေသဲလွှာရဲ့ အပြုအမူတွေမှာ သာယာနေတယ်"

ဟန်ပန်က မလှုပ်မယှက် အိတုံက ကြိတ်ပြီးရယ်နေလိုက်သည် ။ ဟန်ပန် ရင်ထဲမှာ အပြင်း အထန် မုန်တိုင်းကျနေပြီထင်သည် ။

"ဟန်ပန် ညားက နင့်ရင်ထဲကို မမြင်နိုင်ဘူးနော်"

"တော်ပါတော့ အိတုံရယ်"

"ညား မသိချင်ယောင်ဆောင်နေတာများ လား၊ တကယ်ပဲ မမြင်တတ်တာလား၊ နင် ဘယ်လို ထင်လဲ"

"နင် ဘာတွေပြောနေတာလဲ မသိဘူးဟာ"

ဟန်ပန်နဲ့ ညားကပဲ ဘာလိုလို အိတုံက ပြောပစ်လိုက်သည် ။ ဟန်ပန် ရှက်ရွံ့သွားရသည် ။ အိတုံကို ဘာပြန်ပြောလိုက်မိမှန်းတောင် မသိတော့။ မျက်နှာတွေထူပူလျက် ပန်းသွေးရောင်စဉ်တွေ ယှက်သန်းသွားရသည် ။

"ဟန်ပန် နင်ကြိတ်ခံစားနေရတာ မပင်ပန်းဘူးလား ဟာ"

အကြောင်းသိ သူငယ်ချင်း အိတုံကို ဟန်ပန် ညာ၍ မရပါ။ ညာလည်း မညာချင်တော့ပါ။

"င့ါအတွက် နေသားကျနေပါပြီ အိတုံရယ်"

အေးတိအေးစက် ထုံထိုင်းထိုင်း ဟန်ပန်ကိုလည်း ကြိတ်၍ ဒေါသဖြစ်မိသည် ။ ဒီကောင် မလေး နာမည်ကသာ ဟန်ပန်မူယာ၊ လူကတော့ အေးစက်စက်ဖြင့် တည်ငြိမ်ရိုးအလွန်းသည် ။

ညားနှင့်စတိတ်ကျောင်းက တတွဲတွဲရှိခဲ့ကြသည် ။ တက္ကသိုလ်ဆက်တက်ကြတော့ နှစ်ဦး အလှမ်းဝေးကွာခဲ့ကြရသည် ။

ညားကလည်း အပေါင်းအသင်းပေါသူပီပီ သူမတို့ ဆီကို တစ်ခါတစ်ရံသာ ရောက်လာတတ် သည် ။

ရောက်ရှိလာတိုင်းလည်း ညား အပြုအမူတွေက ပေ့ါပျက်ပျက်အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်း နှင့် ပေးဆပ်ခြင်းဆိုပြီး နှစ်မျိုးရှိသည် တဲ့ ။

ဟန်ပန်အတွက်တော့ အချစ်ဆိုတာ ...။

***

# အခန်း (၄)

ပြိုင်ကားအနီရောင်လေးကို ညားက ခြံထဲကွေ့ဝင်လိုက်သည် ။ ပေါ်တီကိုအောက်တွင် ရပ် ထားသော ကားအဖြူလေးကို တွေ့လိုက်တော့ ညား စိတ်ပျက်သွားမိသည် ။

"ဟာ ဟိုကောင်မလေး ရောက်နေပြန်ပြီ"

ကားကို စက်သတ်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည် ။ အိမ်ထဲသို့ လှမ်းဝင်လိုက်သည် နှင့် အသံစာစာလေးနှင့် မာမီနှင့်စကားပြောနေတဲ့ ကြည်နူးရိပ်ကို တွေ့လိုက်ရသည် ။ မာမီက သူ့ကိုလှမ်း မြင်တော့

"ဟော သား ပြန် လာပြီ၊ ဒီမှာ ကြည်နူး ရောက်နေတယ် သားရဲ့ "

"သူ့ကားရပ်ထားတာတွေ့ကတည်းက သား သိပြီးသားပါ မာမီ"

ဘုဆတ်ဆတ်ပြောပြီး တစ်ချက်မှ မကြည့်ဘဲ အပေါ်ထပ်သို့ တက်ရန် လှေကားဆီသို့ ဦးတည် လျှောက်လာလိုက်သည် ။

"ညား နူးက ရှမ်းခေါက်ဆွဲတွေ လာပို့တာ၊ လာစားလိုက်ဦးလေ၊ သားရဲ့ "

မာမီက ညားကို ဇွတ်ခေါ်နေသည် ။ ညား လုံးဝလှည့်မကြည့်ပါ။ ကြည်နူးရိပ် ဆိုတဲ့ ကောင် မလေးက ဘာလဲ။ မာမီကရော ဘာတွေလမ်းကြောင်းနေတာလဲ။ ထောင်ကြိုးမှာ မိတဲ့ ငှက်တစ် ကောင်လိုတော့

ညား လုံးဝအဖြစ်မခံပါ။ ဒါတော့ သေချာသည် ။

"ညား ကြည်နူး ပြောစရာရှိလို့ ခဏလောက်"

အသံကြား၍ လှည့်ကြည့်တော့ နူးက သူ့ကိုတောင်းဆိုနေဟန်။ ဒီကောင်မလေး ဘယ်က ဘယ်လို ကပ်ပါလာသည် မသိ။ သူသိလိုက်တဲ့ အချိန်မှာ သူ့အခန်းဝရောက်နေပြီ။

ညားက အခန်းထဲဝင်လိုက်တော့ နူးကပါ နောက်ကလိုက်ဝင် လာလေသည် ။ ဒီအပြုအမူကိုပဲ ညား မကြိုက်တာ၊ ဘယ်လိုဟာလေးလည်း မသိ။ အခန်းထဲရောက်ရင် ငြိမ်ငြိမ်မနေ တွေ့ကရာ စာအုပ်ကို လိုက်လှန်တတ်သေးသည် ။ ညား စိတ်မရှည်စွာ အော်ပစ်လိုက်မိသည် ။

"ဟိတ် ငြိမ်ငြိမ်နေစမ်း၊ မျက်စိကိုနောက်နေတာပဲ"

"အင်းပါ"

ကြည်နူးရိပ်က ညားရဲ့ ခုတင်ပေါ်မှာ ဝင်ထိုင်ပစ်လိုက်သည် ။ ညားက မျက်မှောင်ကုတ်လိုက် ပြီး အလိုမကျစွာ

"ကဲ ဘာပြောမလို့ လဲ မြန်မြန်ပြော"

"နူး သူငယ်ချင်းတွေနဲ့ ညားကို မိတ်ဆက်ပေးချင်လို့ အဲဒါ"

နူး စကားမဆုံးလိုက် ညား အသံက အလိုမကျစွာ ပေါ်ထွက်လာသည် ။

"ဘာလို့ ငါက နင့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ရမှာ လဲ၊ အဓိပ္ပာယ် မရှိတာ၊ ဆောရီးပဲ လုံးဝပဲ"

ခါးခါးသီးသီး ငြင်းပစ်လိုက်မိသည် ။ ပြဿနာတော်တော်ရှာသည့် ကောင်မလေး။ တစ်မျိုး မဟုတ် တစ်မျိုး ဒုက္ခတွေပေးနေသည် ။ ဘယ်

လို ရေစက်လည်း တော့မသိ ညားကလည်း ဒါမျိုးဆို လုံးဝမကြိုက်။

"ညားကလည်း နူးပြောတာကို နားထောင်ပေးပါဦး၊ အလကားနေရင်း စိတ်တိုနေတော့တာ ပဲ"

"တိုမှာ ပေ့ါ နင်က ငါ့ကို စိတ်တိုအောင်လာလုပ်နေတာကိုး"

"ညားနော် နူး ငိုပစ်လိုက်မှာ သိလား"

ဒါပဲလေ သူ့လက်နက်က နောက်ဆုံး ဒါနဲ့ ပဲ အနိုင်ယူသွားတတ်တာ၊ စိတ်ရှိလက်ရှိ ကိုင်ဆောင့်ပစ်လိုက်ချင်သည် ။ စိတ်ပေါက်ပေါက်နဲ့ သေအောင်သာငိုဟု တစ်ခါက ပြောခဲ့မိသည် ။ တကယ် ငိုလိုက်တာများ မျက်ရည်တွေ ဘယ်က ဘယ်လိုရောက်လာသည် မသိ။

အငိုကောင်းလွန်းတဲ့ ဒီကောင်မလေးကြောင့် မာမီပါရောက်လာတော့ ပြဿနာတွေ ရှုပ်ကုန် တော့သည် ။ မာမီကလည်း ဒီကောင်မလေးဆို သည်းသည်းလှုပ်။ ဒီကောင်မလေးကြောင့် ညား အတော်စိတ်ဆင်းရဲသည် ။ မလိုက်လျောမိလျှင် မာမီက ဆူညံဆူညံ လုပ်ဦးမည်။

"ညားနဲ့ ကြည်နူး ကျန်ခဲ့တဲ့ တစ်ပတ်က လပြည့်ဝန်းပလာဇာ သွားကြတယ်လေ"

"အင်း အဲဒါ ဘာဖြစ်လဲ"

"နူးရဲ့ သူငယ်ချင်းတွေတစ်ယောက်က ညားကိုမြင်သွားပြီး တခြား သူငယ်ချင်းတွေကို သွား ဖွလိုက်တယ်လေ၊ အဲဒါ သူတို့ က နူးကို ညားနဲ့ မိတ်ဆက်ပေးဖို့ ဝိုင်းပြောလာကြလို့ "

တစ်ပတ်တစ်ခါ၊ ဆယ်ရက်တစ်ခါ ဒီလိုထွင်လုံးတွေက နူးမှာ အမြဲရှိနေတတ်သည် ။ ဒါကြောင့် ညားအဖြစ်က ဒီကောင်မလေးနဲ့ ဆက်ဆံရသည် ကို တီကောင်ကို ဆားနဲ့ တို့ သလို တွန့်ဆုတ်နေရခြင်းဖြစ်သည် ။

"နင့်သူငယ်ချင်းတွေက ယောကျ်ားလေးတွေလား၊ မိန်းကလေးတွေလား"

"ဟာ ညားကလည်း နူး သူငယ်ချင်းတွေပါဆိုမှ မိန်းကလေးတွေပေါ့လို့ "

ခန့်ညား တော်တော်လေး စိတ်ပျက်သွားမိသည် ။ မတတ်နိုင်ဘူးလေ ။

"ကဲ ကဲ ဒါဆိုလည်း ပြီးရော၊ ဘယ်တော့ တွေ့ရမှာ လဲ"

"ဟယ် တကယ်နော် ဒါဆို ချိန်းလိုက်တော့မယ်"

"နေဦးလေ၊ ဘယ်နေ့ ဘယ်အချိန်အားတယ်ဆိုတာ ငါပြောပြမယ်၊ အဲဒီတော့မှ ပြောလိုက်"

"ညားကလည်း ညား အခုအားနေတာပဲ၊ အခုလှမ်းခေါ်လိုက်တော့မယ်လေ"

"အခု အားနေတဲ့ အချိန်က အသေချာဆုံးပဲလေ၊ ကိစ္စတစ်ခုအမြန်ပြီးသွားတာပေ့ါ အစီအစဉ် မကောင်းဘူးလား"

"မင်း မင်း တော်တော်ဆိုးပါလား ဟာကွာ"

တမင်အနိုင်ယူနေမှန်း သိသာနေသည် မို့ ထောင်းခနဲ ဒေါသထွက်သွားသည် ။ ပခုံးတွေကို စိတ်ရှိလက်ရှိတိုင်း ကိုင်လှုပ်ပစ်ဖို့ နူးပခုံးတွေကို လှမ်းကိုင်လိုက်မိသည် ။

"ညား ညားနော်"

နူးက ဆတ်ခနဲ တိမ်းရှောင်ပစ်လိုက်သည် ။ တစ်ဆက်တည်းမှာ ပင်စူးဝါးသော အော်သံလေး က ပေါ်ထွက်လာသည် ။ ညား စိတ်တွေကို အ

တတ်နိုင်ဆုံး လျှော့ရင်း နူး ဆီမှ အကြည့်ကို လွှဲဖယ် ပစ်လိုက်ရသည် ။ ဒီကောင်မလေးမျက်နှာကို မြင်တွေ့နေရလျှင် သူ ဒေါသတွေ ဆုံးနိုင်တော့မည် မဟုတ်။

"ညား ရေမိုးချိုးအဝတ်အစားလဲပြီး ဆင်းလာခဲ့နော်၊ နူး သူငယ်ချင်းတွေခေါ်ထားပြီး ဧည့်ခန်းထဲက စောင့်နေလိုက်မယ်"

သူ့ဆန္ဒတွေအတိုင်း ပြုမူပြီး အနိုင်ပိုင်းထွက်သွားတဲ့ နူးကိုကြည့်ပြီး ခံပြင်းစွာဖြင့် ညား အံကြိတ်ထားလိုက်မိသည် ။

ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တာက နူးရဲ့ ပင်ကိုဗီဇလေပဲလား။ မာမီက သူမ ဘက်မှ မားမားမတ်မတ် ရပ်တည်ပေးနေတာ ညားကို အခက်တွေ့စေသည် ။ ဒီကောင်မလေးက ပဒိုင်းသီးလိုပါပဲ ဆုပ်လည်း စူး၊ စားလည်း ရူးဦးမည်။

ရေချိုး အဝတ်အစားလဲပြီး ဆင်းလာတော့ နူးနှင့်နူး သူငယ်ချင်းမတွေ တွတ်ထိုးနေကြတာ တွေ့လိုက်ရသည် ။ သူ့ကို ခွင့်မတောင်းခင်ကတည်းက ကြိုခေါ်ထားလေသလားမသိ။ လှေကား ထစ်တွေကို တစ်ထစ်ချင်းဆင်းရင်း ဧည့်ခန်းထဲလှမ်းဝင်လိုက်သည် ။

"နူး နင့်သူငယ်ချင်းတွေကို နင်ကြိုများ ခေါ်ထားလိုက်သလား"

"ညားကလည်း ပေါက်ပေါက်ရှာရှာ ပြောရော့မယ်"

မျက်ဆံနက်လေးတွေ ထောင့်ကပ်ပြီး ပြောလိုက်တဲ့ ပုံစံကိုက မူမူနွဲ့နွဲ့၊ ညား ဒီပုံစံကိုပဲ မုန်း နေမိတာ စိတ်ပျက်စရာ ကောင်းလိုက်တာ။

"ဟဲ့သား ဘယ်လိုပြောလိုက်တာလဲ၊ စကားကို ကောင်းကောင်း မွန်မွန်ပြောမှ ပေါ့"

မာမီက ရှိုးကေ့စ်ထဲက အရုပ်တွေကို ဖုန်သုတ်နေရင်း ညားကို လှမ်း

ဟန့်သည် ။

"သားကလည်း ကောင်းကောင်း ပြောနေတာပါ မာမီရဲ့ "

မာမီက ဒီကောင်လေးတော့ ဟူသော ပုံစံဖြင့် မျက်လုံးစွေပြီး ကြည့်သည် ။ နူးနဲ့ ပတ်သက်လာ လျှင် မာမီ အဲဒီလောက်ကို အဖြစ်သည်းတတ်တာ။ ဒါကိုပဲ ညားကလည်း မခံချင်စိတ်တွေ ဖြစ်နေခဲ့ မိတာလေ။ နူးဘက်က နေရာတကာမှာ ကာစီးကာစီးဖြင့် ရှေ့နေလိုက်တတ်တာက မာမီ့အလုပ် ဖြစ်နေသည် ။ ညားကဒါကိုပဲ ကလိချင်မိတာ။

"ညား ယု နာမည်က ယုမွန်တဲ့ ၊ မှတ်ထားနော်"

"ဟယ် ကြည့်စမ်း၊ နူး မိတ်ဆက်ပေးတာတောင် မစောင့်တော့ဘူး။ မုန်းဖို့ ကောင်းလိုက်တာ"

ရယ်စရာလည်း မပါဘဲနဲပ ဝါးခနဲထရယ်လိုက်ကြတော့ ညားမျက်နှာမထားတတ်အောင် ထူပူသွားရသည် ။ နူးက ညားရဲ့ လက်မောင်းတစ်ဖက်ကို ဖက်တွယ်ပြီး သူမ သူငယ်ချင်းတွေဆီ ဆွဲခေါ်သွားသည် ။

"ညား သူက ဇွန်၊ သူက ယမုံ၊ သူက ဆွေလဲ့၊ သူကတော့ အဟီး ဖက်တီး တဲ့ "

"နူး နော် တော်တော် အကျင့်ပုပ်"

ဝဝကစ်ကစ် ကောင်မလေးက ခန္ဓာကိုယ်နှင့်မလိုက်သော အသံဖြင့် ရန်တွေ့သည် ။ နူးက စပ်ဖြီးဖြီးမျက်နှာဖြင့် မခိုးမခန့်လုပ်နေလေ၏။

"ဆောရီး ဆောရီး မှားသွားလို့ ၊ သူ့နာမည်က ဖက်တီး မဟုတ်ဘူး ၊ ကေသရီ တဲ့ "

ကေသရီက မကျေမနပ်ဖြင့် နူးကို မျက်စောင်းလှမ်းထိုးလိုက်သည် ။ တတ်လည်း တတ်နိုင်တဲ့ ဟာလေးတွေ။ ညားမှာ တော့ သူတို့ ကြားမှာ အူတိအူကြောင်နှင့်။ တွေးမိလေ နူး ကိုဒေါသထွက်မိ လေ။

"နူး ငါကျန်သေးတယ်လေ"

ပထမဆုံး သူ့ကိုယ်သူ မိတ်ဆက်ပေးထားသော ကောင်မလေးက တစ်စခန်းထလာပြန်သည် ။

"နင်က နင့်ဘာသာ မိတ်ဆက်ထားတာ၊ ငါက ထပ်မိတ်ဆက်ပေးဖို့ လိုသေးလို့ လား"

"ဟုတ်တယ် ဟုတ်တယ် မှန်တယ်"

အားလုံးက နူးပြောသည် ကို ဝိုင်းပြောပြီး ထောက်ခံနေကြတော့ ယုမွန် ဆိုသည့်ကောင်မလေး က မျက်လုံးကလေး အဝိုင်းသားဖြင့်။ ညားရဲ့ ပြင်းထန်နေတဲ့ ဒေါသတွေတောင် ပြေလျော့သွားသ လို။

တော်တော် ကလေးဆန်တဲ့ ကောင်မလေးတွေပဲဟု ညား တွေးလိုက်မိသည် ။

ကောင်မလေးတွေက ခေတ်ဆန်ဆန်လေးတွေ၊ ဝတ်တာ စားတာက ပေါ်ပင်ဖြစ်သော်လည်း ရိုင်းမသွား၊ ယဉ်ယဉ်လေးဖြင့် ကြည့်ကောင်းကြပါသည် ။

"ညား သိလား"

"မသိဘူး"

အဆက်အစပ်မရှိပြောလာသော ယုမွန်စကားကို ညား အရွှန်းဖောက်ပစ်လိုက်သည် ။

"ညားကလည်း ယုမွန်က အကောင်းပြောမလို့ ကို"

"မသိဘူးလေ၊ မင်းစကားက ဘာပြောမှန်းမသိတာ ကဲ ပြော ပြော"

"နူးကလေ သူ့အစ်ကိုက အရမ်းချော အရမ်းလှကြောင်း အမြဲပြော တတ်တယ် သိလား"

"ဟုတ်လား အခုတွေ့တော့ရော တကယ်ချောရဲ့ လား"

"အဟီး ချောပါတယ် ပိုတောင်ပိုသေးတယ် ဟဲ ဟဲ"

ညားနဲ့ ယုမွန်ပြောဆိုနေကြတာကို နူး မျက်နှာလေးက ကျေနပ်ကြည်နူးနေဟန်အပြည့်။

ဒါက နူးရဲ့ စတိုင်ပဲလေ။ သူ့အလိုဆန္ဒ ပြည့်ဝနေသည့်မျက်နှာ၊ သူ့အလိုမပြည့်ခဲ့လျှင်တော့ မာမီကြားအောင် အော်ငိုမှာ က အသေအချာ။

"ဟို ညားကို တစ်ခုမေးချင်လို့ "

"ပြောလေ ဘာမေးချင်လို့ လဲ"

ဝကစ်ကစ်နဲ့ ကေသရီဆိုတဲ့ ကောင်မလေးက ညားကို မဝံ့မရဲဟန်ဖြင့် စကားဆိုသည် ။

"ညားက နူးနဲ့ လက်ထပ်ရမယ့်သူဆိုတာ ဟုတ်လားဟင်"

ညား အကြောင်းသိနေတဲ့ နူးက ကေသရီကို လှမ်းပိတ်လိုက်ပေမယ့် မရတော့။ ညားရဲ့ စူးရှတဲ့ အကြည့်တွေက လျှပ်စီးကြောင်းတစ်ခုလို နူး ဆီသို့ဦးတည်လာသည် ။

ကျန်တဲ့ ကောင်မလေးတွေရဲ့ ထပ်ဆင့်မေးခွန်းတွေက ညား၏ ဒေါသကို ထပ်မံထိုးဆွနေသ ယောင်။

"ဟုတ်တယ် ဟုတ်တယ် အဲဒီမေးခွန်းကို အကုန်လုံးက သိချင်နေ

တာ ညားရဲ့ "

ညားရဲ့ ချုပ်တည်းမှုက ကုန်ဆုံးသွားသည် ။ ဒီလောက် အလျှော့ပေး ထားတာတောင် အလိုက် ကန်းဆိုးမသိတဲ့ နူး။ ညား နှုတ်မှ စကားလုံးကြမ်းကြမ်းတွေ ခုန်ပေါက်ထွက်ပေါ်လာတော့သည် ။

"နူး နင်ဘာတွေလျှောက်ပြောထားတာလဲ၊ နင် တော်တော်ပါးစပ် စ ည်းကမ်းမဲ့တာပဲ"

"ဟို ဟိုလေ နူး နူး"

"ဟုတ်တယ် နူးလေးကို သမီးလေးလိုချစ်လို့ ညားနဲ့ လက်ထပ်ပေးဖို့ အန်တီကိုယ်တိုင် စီစဉ် ခဲ့တာကွယ့်"

နူး သူ့ ဒေါသတွေကြားမှာ အခက်တွေ့နေချိန်မှာ မာမီ ဝင်ကယ်သွားပြန်ပြီ။ ခံပြင်းစွာဖြင့် ထိုနေရာမှ ထွက်ခဲ့သည် ။ ကြည်နူးရိပ်တဲ့ နာမည်နဲ့ တခြားစီပဲ။

***

## အခန်း (၅)

ဟန်ပန် သဘောကျစွာ ရယ်မောပစ်လိုက်သည် ။

"နင်က ဘာကိုရယ်တာလဲ ဟန်ပန်"

"ညား ပြောပြတဲ့ အကြောင်းကို သဘောကျမိလို့ ပါ၊ အဟင်း ဟင်း"

ညားက စိမ်းမှောင်သော မျက်ခုံးထူထူတွေကိုကျုံ့ရင်း ဟန်ပန်ကို စိုက်ကြည့်လိုက်သည် ။ ညား မျက်နှာက အလိုမကျဟန် အပြည့်။

"ညားက ရယ်စရာတွေပြောတာ မဟုတ်ဘူး ၊ ဒေါသပြေအောင် ရင်ဖွင့်ပြနေတာ"

"ဟုတ်ပါပြီ ညားရယ်၊ ဟုတ်ပါပြီ"

ရယ်ချင်စိတ်ကိုထိန်းပြီး ညား ကျေနပ်အောင် ပြောလိုက်ရသည် ။ ညားနဲ့ ပတ်သက်လာလျှင် အမြဲတမ်း အလျှော့ပေးလိုက်လျောတတ်တဲ့ စိတ်က အကျင့်ပါနေခဲ့ပြီလေ။

"ဒါဆို ဘာကို ရယ်တာလဲ၊ ပြောဦး"

"ကြည်နူးရိပ်ကို သဘောကျမလို့ ပါ၊ ညားလို လူမျိုးကို အမျိုးမျိုးလှည့်ပတ်နိုင်လို့ လေ"

"ညားက အဲဒါကို ဒေါပွနေမိတာ၊ ဒီကောင်မလေး မာမီအားကိုးရှိတယ်ဆိုပြီး လုပ်ချင်တိုင်း လုပ်နေတာ"

ကလေးဆိုးကြီးတစ်ယောက်လို ဖြစ်နေသည့် ညားကိုကြည့်ပြီး

"ကိုယ်က အကြီးပဲ ညားရယ်၊ ခွင့်လွှတ်သည်းခံစိတ်မွေးမှ ပေါ့"

"မလေးမစားနဲ့ လူကိုအရူးလုပ်တာများ နေပြီ ဟန်ပန်ရဲ့ "

မကျေမနပ် တတွတ်တွတ်နှင့် ညား မျက်နှာနုဖတ်ဖတ်ကို ငေးမော နေမိသည် ။

"မလေးမစားနဲ့ ကောင်မလေးကို စိတ်တိုတယ်တဲ့ လား ညားရယ်၊ ညားအပေါ် အလေးထား တတ်တဲ့ ကောင်မလေးကိုကျတော့ သိလျက်နဲ့ ဥပေက္ခာပြုထားခဲ့တာလား ဒါမှ မဟုတ် တကယ်ပဲ မမြင်တတ်ခဲ့တာလား" ဟန်ပန်ရင်ထဲမှာ ဆိုညည်းနေမိခြင်းပါ။

"ကြည်နူးရိပ်က ဘာမေဂျာလဲ"

"အင်္ဂလိပ်စာ မေဂျာလေ"

"အခု ပထမနှစ်တက်နေတာလား"

"ဟုတ်တယ် ဒီကောင်မလေး အကြောင်းပြောရတာ စိတ်ရှုပ်စရာပါ ဟန်ပန်ရယ်"

"သူတောင် ပထမနှစ်တက်နေပြီပဲ အင်းလေ၊ ဟန်ပန်တို့ တောင် နောက်နှစ်ဆို ကျောင်းပြီး တော့မှာ ပဲ"

ဟန်ပန်က တွေးတွေးစစ ဟန်ပန်လေးဖြင့် အဘွားအိုလေးလို ပြော ဆိုနေသည် ။ ညားကတော့ လက်ချောင်းလေးများ ဖြင့် ဆံပင်ကို ထိုးဖွရင်း ငြိမ်သက်နေမိ၏။

"ဘွဲ့ယူပြီးရင် ဘာလုပ်မယ် စိတ်ကူးထားလဲ"

"မိန်းမယူမယ်"

ညားက အလေးအနက်မထားဟန်ဖြင့် ဆံပင်ကိုထိုးဖွရင်း ပြောသည်
။

"ညားမှာ ချစ်သူရှိနေပြီလား"

"အင်း ရှိတယ်လို့ ပဲ ဆိုပါတော့"

"ညား ချစ်သူဆိုတာ ရွှေသဲလွှာလား"

"မပြောတတ်ဘူး၊ ရွှေသဲလွှာ ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့လေ"

နှလုံးသားကို မခံနိုင်အောင် ရက်စက်စွာ ဓားနဲ့ မွှန်းနေတာလား၊ ညားရယ်။

"ညားတို့ ချစ်သူတွေ ဖြစ်နေကြပြီ မဟုတ်လား"

"ချစ်သူအဆင့်တက်ဖို့ နည်းနည်းလိုသေးတယ် ထင်တာပဲ"

ညား အတွက်တော့ အလွယ်တကူပြောလိုက်တဲ့ စကားဖြစ်ပေမယ့် ဟန်ပန်ရင်ထဲမှာ စူးရှရှ ဖြစ်သွားရသည် ။ တကယ်ဆိုရင် ဟန်ပန်ခံစားချက်တွေကို ညား တကယ်ပဲ မသိခဲ့တာလား။

"မာမီ ဘာတွေလျှောက်လုပ်နေသလဲ မသိပါဘူး ဟန်ပန်ရာ၊ ညားတော့ တော်တော် စိတ် ပျက်မိတယ်"

"ညား ဘာကိုဆိုလိုတာလဲ ဟင်"

"နူးနဲ့ လက်ထပ်ဖို့ မာမီ အတင်းစီစဉ်နေတာကို ပြောတာပါ"

"ဟန်ပန် နားလည်နိုင်ပါတယ် ညားရယ်၊ ရင်ထဲက အချစ်ကို ဘယ်လို ပြောင်းလဲပစ်ဖို့ ရမှာ လဲ"

ဟန်ပန် နှစ်သိမ့်စကားတွေ ဆိုပေမယ့် ရင်ထဲမှာ တော့ တုန်ခါနေသည် ။ ဒါတွေကို ညားက  သိနိုင်လိမ့်မည်မဟုတ်။ ညား ပုံစံက စိတ်ရှုပ်

ထွေးနေသည့် ပုံစံအပြည့်ဖြင့်

"ညားလေ လွှာကို ချစ်မိသွားပြီနဲ့ တူတယ်"

လွှာတဲ့ ။ လွှာကို ချစ်မိသွားပြီ တဲ့ ။ ရွှေသဲလွှာက ညားကို စိုးမိုးနေခဲ့တာလား။

အရာရာမှာ အလျှော့ပေး လိုက်လျောတတ်တဲ့ ဟန်ပန်ဆိုတဲ့ သူမက ညားရင်ထဲမှာ နည်း နည်းလေးတောင် ရှိမနေခဲ့ဘူးတဲ့ လား။ ခံရခက်တဲ့ နာကျင်မှုတွေက ရင်နဲ့ မဆံ့အောင် ပြည့်နှက်နေခဲ့ ပြီဖြစ်သည် ။

"ဟန်ပန် ညားနဲ့ လွှာ လိုက်ဖက်မှုရှိရဲ့ လား ဟင်"

"လိုက်ဖက်ပါတယ် ညားရယ်၊ ညားတို့ ပျော်ရွှင်စွာ လက်တွဲနိုင်ကြမှာ ပါ"

အသံတွေ တုန်အက်မသွားမိအောင် အသံကိုထိန်းရင်း ပြောလိုက်ရသည် ။

အတားအဆီးမဲ့စွာ လွင့်ကြွေထွက်သွားတဲ့ မျက်ရည်စအချို့ကို ညား မသိအောင် သုတ်ပစ် လိုက်ရသည် ။

မိန်းကလေးတစ်ယောက်အတွက် စည်းတွေဘောင်တွေသာ ရှိမနေခဲ့လျှင် ဘယ်လောက် ကောင်းလိုက်မလဲ။

"ညားလေ လွှာကို ဖွင့်ပြောလိုက်ပြီ ဟန်ပန်"

"သူက ညားရဲ့ အလိုတော်အတိုင်းပဲ မဟုတ်လား"

"ထင်သလောက်လည်း မဟုတ်ပါဘူး ဟန်ပန်ရယ်၊ ဒါကြောင့် ညား အတွက် အခက်တွေ့နေ ရတာပေါ့"

ဟန်ပန် ရင်ထဲက လှုပ်ရှားမှုကို နည်းနည်းလေးမှ အကဲမခတ်မိခဲ့

ဘူးလား ညားရယ်။ ညားရဲ့ ခံစားချက်တွေကို ဖွင့်ထုတ် ရင်ဖွင့်ပြဖို့ သူငယ်ချင်းကောင်းတစ်ယောက်အဖြစ် သတ်မှတ်ထားသေး တဲ့ အတွက်တော့ အနည်းငယ် သက်သာရာရမိပါသည် ။

"ညားကို သူတစ်ခုတော့ ဝန်ခံသွားခဲ့တယ် ဟန်ပန်"

"သူက ဘာကိုဝန်ခံသွားခဲ့တာလဲ"

"သူ့အသိုင်းအဝိုင်းမှာ ယောကျ်ားကောင်း မရှားပေမယ့် ညားကို စိတ်ဝင်စားမှုရှိခဲ့တယ်ဆို တာကိုလေ"

တစ်ခါက ညားရဲ့ ကားပေါ်မှ အဆင်းတွင် တွေ့ခဲ့ရသော ရွှေသဲလွှာ၏ အကြည့်စူးစူးတွေကို ပြန်လည်မြင်ယောင်မိသည် ။

ညားကို အမှန်တကယ် စိတ်ဝင်စားနေကြောင်း ထင်ရှားသည် ဟု သတိပြုမိပါသည် ။

"ရွှေသဲလွှာက ညားအတွက် သင့်တော်တဲ့ မိန်းကလေးတစ်ယောက်ပါ"

"ဟူး ကိုယ့်အတွက်တော့ ခက်ခဲလှပါတယ် ဟန်ပန်ရယ်"

"ယောကျ်ားတစ်ယောက်ဖြစ်ပြီး ပျော့ညံ့လှချည်လား ညားရယ်၊ အရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိတော့ ရှိရမှာ ပေါ့"

ဟန်ပန်ရဲ့ အားပေးစကားတွေက ညားအတွက် ခွန်အားဖြစ်စေခဲ့သည် လား။ ညားရဲ့ စိတ်ထဲ မှာ အင်အားတွေ စိတ်တွန်းအားတွေ ဖြစ်ပေါ်လာရသည် ။

"ဟုတ်တယ် ညားက ကိုယ့်ချစ်သူကိုပဲ လက်ထပ်ချင်တာလေ"

ညားရဲ့ မျက်နှာကို ပြုံးကြည့်ရင်း ဟန်ဆောင် အားပေးနေခဲ့သော်လ

ည်း ညားရဲ့ စိတ်ချမ်းသာ နေမှုအတွက် ကျေနပ်မိပါသည် ။

ညား ကံကောင်းနိုင်ပါစေ။

***